မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
နေ့စဉ်ဈေးကွက်သတင်းလွှာ

January 24 , 2025 | Volume 86 , Number 18

၂၄ . ၁. ၂၀၂၅

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၀၂.၄၈ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၅၉.၄၃ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၀၃.၅၈ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၂၆.၇၈ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၈၉.၈၅ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၄.၃၆ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၇.၀၈ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၇၉.၀၁ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၂.၄၂ ကျပ် |

CONTACT US

ကုန်သွယ်မှုသတင်းအချက်အလက်နှင့် သုတသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm

## ၂၀၂၄ ခုနှစ်တွင် Good Rice Good Price အစီအစဉ်ဖြင့် ဆန်အိတ်ရေ ၅၀၀,၀၀၀ ကျော်ရောင်းချပေးခဲ့




ပြီးခဲ့သည့် ၂၀၂၄ ခုနှစ် တစ်နှစ်တာကာလအတွင်း Good Rice Good Price အစီအစဉ်ဖြင့် ဆန်အိတ်ရေ ၅၀၀,၀၀၀ ကျော်ရောင်းချပေးခဲ့ကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၏ Annual Report 2024 တွင် ဖော်ပြထားသည်။

ထိုသို့ ရောင်းချပေးမှုအနေဖြင့် ဌာနဆိုင်ရာသို့ ပေါ်ဆန်း (10 kg )နှင့်ဧည့်မထ (10kg) အိတ်ရေ ၂၇၇,၃၅၀၊ စက်မှုဇုန်နှင့်စက်ရုံအလုပ်ရုံသို့ အိတ်ရေ ၂၉၅,၉၄၀ ၊ အသင်းအဖွဲ့နှင့် အရောင်းဆိုင်များသို့ အိတ်ရေ ၂၈,၄၈၄ စုစုပေါင်း အိတ်ရေ ၅၀၁,၇၇၄ ရောင်းချပေးခဲ့ကြောင်း သိရသည်။

ထို့ပြင် ပြည်တွင်းဆန်ဈေးနှုန်းများမြင့်တက်လာမှုကြောင့်စက်ရုံအလုပ်ရုံ၊ စက်မှုဇုန်မှ ဝန်ထမ်းများ၊ အခြေခံလုပ်သားပြည်သူများ၊ ဌာနဆိုင်ရာများမှ ဝန်ထမ်းများ၊ အသင်းအဖွဲ့များအတွက် တစ်ပိုင်တစ်နိုင် တစ်လလျှင် ၁၀ ကီလိုဆန်အိတ်ငယ်များအဖြစ် ပေါ်ဆန်းဆန် ၁ အိတ်၊ဧည့်မထဆန် ၁ အိတ်ကို ဈေးနှုန်းသက်သာစွာဖြင့် ၂၀၂၂ ခုနှစ်မှ စတင်၍ လစဉ် ရောင်းချပေးခဲ့ကြောင်း သိရသည်။

ပုံမှန်အားဖြင့် ပေါ်ဆန်းဆန်၁၀ ကီလိုအိတ်နှင့် ဧည့်မထဆန် ၁၀ ကီလိုအိတ်များအား လစဉ်ပျမ်းမျှ ၂၀,၀၀၀ မှ ၃၀,၀၀၀ ခန့်အထိ ရောင်းချပေးနိုင်ခဲ့ကြောင်း သိရသည်။

**Source :** https://www.popularmyanmar.com/

## စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်၌ ခရမ်းချဉ်သီးနှံများလှိုင်လှိုင်ထွက်ပေါ်၍ အကျိုးအမြတ်ရ



စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်အတွင်းရှိ ဗုံတို၊ ဘုမ္မနိုး ကျေးရွာများတွင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကိုလုပ်ကိုင်ကြပြီး သီးနှံမျိုးစုံ စိုက်ပျိုးလျက်ရှိရာ နှမ်း၊ ပဲမျိုးစုံ၊ ပြောင်း၊ ဧရာတ်စသည့် ခရမ်းချဉ်သီးနှံကို လည်း စီးပွားဖြစ်စိုက်ပျိုးလာကြကြောင်း၊ စိုက်ပျိုးမှုအနေဖြင့် ၁၀ ဧကခန့် စိုက်ပျိုးထားရှိကြောင်းသိရသည်။

ခရမ်းချဉ်သီးနှံကို စက်တင်ဘာလနှင့် အောက်တိုဘာလများတွင် စိုက်ပျိုးပြီး နှစ်လခန့်အကြာ ဒီဇင်ဘာလနှင့် ဇန်နဝါရီလတို့တွင် အသီးများခူးဆွတ်ရောင်းချရကြောင်း၊ ထိုင်ဝမ်မျိုးများကို စိုက်ပျိုးပြီး တစ်ဧကလျှင် မျိုးစေ့ခြောက်ထုပ်ခန့်ကုန်ကျကြောင်း၊ စိုက်ပျိုးမှုအနေဖြင့် မျိုးစေ့ကိုပျိုးပေါင်ဖြင့် ပျိုးထောင်ပြီး ပျိုးပင်တစ်လသားအရွယ်ခန့်တွင် စတင်စိုက်ပျိုးရကြောင်း၊ ခရမ်းချဉ်သီးနှံကို မြေအောက်ရေတင်စနစ်ဖြင့် စိုက်ပျိုး၍ မျိုး၊ မြေပြုပြင်ခ၊ ရေတင်ခ၊ သွင်းအားစု၊ လုပ်သားခအပါအဝင် တစ်ဧကလျှင် စုစုပေါင်း ငွေကျပ် ၁၂ သိန်းခန့် ကုန်ကျကြောင်း၊ အထွက်နှုန်းအနေဖြင့် ခရမ်းချဉ်သီးကို ငါးရက်ခြားတစ်ကြိမ် ခူးဆွတ်ရပြီး စတင်ခူးဆွတ်ချိန်တွင် တစ်ပိဿာချိန် ၃၅၀-၄၀၀ ခန့် ထွက်ရှိ၍ တစ်ပတ်ထက်တစ်ပတ် အထွက်နှုန်းပိုမိုလာကြောင်း၊ အရမ်းချဉ်သီးနှံကို စတင်ခူးဆွတ်ချိန်မှ သီးနှံကုန်ချိန်အထိ တစ်ဧကလျှင် စုစုပေါင်းအထွက်နှုန်းမှာ ပိဿာချိန် ၄၀၀၀-၅၀၀၀ ခန့် ထွက်ရှိရာ စိုက်ပျိုးမြေအနေအထား သီးနှံဖြစ်ထွန်းအောင်မြင်မှုအပေါ်မူတည်၍ အထွက်နှုန်းကွာခြားမှုရှိကြောင်း၊ ဈေးကွက်အနေဖြင့် အနီးပတ်ဝန်းကျင်ရှိကျေးရွာများသို့ ရောင်းချသည့်အပြင် မုံရွာမြို့ရှိ ကုန်စိမ်းဒိုင်များသို့ တင်ပို့ရောင်းချပြီး ထိုမှတစ်ဆင့် မန္တလေးမြို့သို့တင်ပို့ရောင်းချကြရာ တောင်သူများအနေဖြင့် အကျိုးအမြတ်များ ရရှိလျက်ရှိကြောင်း သိရသည်။

**Source: ကြေးမုံသတင်းစာ**

## မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့၌ မန်ကျည်းသီးမှည့်ဈေးနှုန်းကျဆင်း၍ အရောင်းအဝယ်ဖြစ်လျက်ရှိ

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့ပေါ်တွင် မန်ကျည်းသီးမှည့်ဈေးကွက်သို့ ယောနယ်ဒေသများနှင့် ကျောက်ပန်းတောင်း မြို့၊ ဆိပ်ဖြူမြို့၊ မြိုင်၊ ကမ္မနှင့်မြစ်ခြေမြို့များမှ မန်ကျည်းသီးမှည့်အသစ်များ နေ့စဉ်ဝင်ရောက် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။

၂၀၂၅ခုနှစ်၊ ဇန်နဝါရီလ(ဒုတိယပတ်)တွင် မန်ကျည်းသီးမှည့်ဈေးနှုန်းများမှာ မန်ကျည်းမှည့်အစေ့လွတ် တစ်ပိဿာလျှင် လက်ကားဈေး ကျပ် ၁၀,၀၀၀၊ လက်လီဈေးကျပ် ၁၅,၀၀၀ ဈေးဖြင့် အရောင်းအဝယ်ဖြစ်ပြီး ယခင် ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ (စတုတ္ထပတ်) တွင်လက်ကားဈေး ကျပ် ၁၂,၀၀၀၊ လက်လီဈေး ကျပ် ၁၇,၀၀၀ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ပြီး ဈေးနှုန်းနှိုင်းယှဉ် ပါက တစ်ပတ်အတွင်း မန်ကျည်းအစေ့လွတ်တစ်ပိဿာလျှင် ကျပ် ၂၀၀၀ ခန့်ဈေးကျပြီး အရောင်းအဝယ်ဖြစ်ကြောင်း၊ ဈေးနှုန်းကျဆင်းရခြင်းမှာ ယခုအချိန်တွင် မန်ကျည်းအသစ်များ စတင်ပေါ်ချိန်ဖြစ်၍ ဈေးကွက်သို့ ကုန်ဝင်များလာခြင်းကြောင့် ဈေးကျရခြင်းဖြစ်ကြောင်း၊ မန်ကျည်းသားများကို ပခုက္ကူမြို့ပေါ်ရှိ စားသောက်ကုန်လုပ်ငန်းရှင် လှောင်လက်သမားများမှ ကုန်ဝင်နည်းသောကြောင့် ဝယ်ယူထားရှိပြီး ပြန်လည်ရောင်းချကြကြောင်း၊ အကြော်ဆိုင်၊ အကင်ဆိုင်များမှ မန်ကျည်းသီးအချဉ်ရည်များပြုလုပ်ရန်အတွက် ဝယ်ယူခြင်း၊ မန်ကျည်းဖျော်ရည်လုပ်ငန်းများနှင့် မန်ကျည်းတော်ဖီလုပ်ငန်းရှင်များမှလည်း အများအပြားဝယ်ယူသည့်အပြင် ရန်ကုန်မြို့နှင့်မန္တလေးမြို့များသို့လည်း တင်ပို့လျက်ရှိကြောင်း သိရသည်။

**Source :** https://myantrade.gov.mm/

## သမဝါယမကုန်ထုတ်အသင်းများမှ ထုတ်လုပ်ရောင်းချသော မြန်မာ့ရိုးရာလက်မှုပညာ သစ်အချောထည် ပစ္စည်းများကို ဈေးကွက်အတွင်း လူကြိုက်များလာ



မန္တလေးတိုင်း ဒေသကြီး သမဝါယမဦးစီးဌာနမှ လုပ်ကိုင်ဆောင်ရွက်နေသော ကုန်ထုတ်လုပ်မှု၊ ကုန်သွယ်မှုနှင့် ဝန်ဆောင်မှု စသည့်လုပ်ငန်းများအနက်သမဝါယမကုန်ထုတ်အသင်းများမှထုတ်လုပ်ရောင်းချသော မြန်မာ့ရိုးရာ လက်မှုပညာသစ်အချောထည်ပစ္စည်းများကို ဈေးကွက်အတွင်း လူကြိုက်များလာကြောင်းမန္တလေးတိုင်းဒေသကြီးသမဝါယမဦးစီးဌာနကသိရသည်။

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ သမဝါယမအသင်းများမှ ထုတ်လုပ်ရောင်းချသော မြန်မာ့ရိုးရာလက်မှုပညာသစ်အချောထည်ပစ္စည်းများကို ဈေးကွက် အတွင်းကြိုက်နှစ်သက်မှုများပြီး အထူးသဖြင့် မီးဖိုချောင်သုံးပစ္စည်းများ၊အိမ်တွင်းအလှဆင်ပစ္စည်းများနှင့် ဆင်ရုပ် ၊မြင်းရုပ် စသည့်ပန်းပုရုပ်များကိုအများဆုံးမှာယူမှုရှိကြောင်း သိရသည်။

"သမဝါယမကုန်ထုတ်အသင်းတွေက ထုတ်လုပ်ရောင်းချတဲ့ မြန်မာ့ရိုးရာလက်မှုပညာ သစ်အချောထည်ပစ္စည်းတွေက ဈေးနှုန်းအနေနဲ့ အပြင်ဆိုင်တွေမှာထက် ထက်ဝက်ကျော်လောက်လျှော့ချပြီးတော့ အများပြည်သူသုံးစွဲနိုင်စေဖို့ ရည်ရွယ်ချက်နဲ့ ဈေးနှုန်းသက်သာစွာ ဖြန့်ဖြူးရောင်းချပေးနေတာဖြစ်ပါတယ်" ဟုမန္တလေးတိုင်းဒေသကြီးသမဝါယမဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောပြသည်။

ယခုအခါ အိမ်ရှင်မများအကြိုက် အသုံးအဆောင်ပစ္စည်းများဖြစ်သော သစ်သားဖြင့်ပြုလုပ်ထားသည့် စဉ်းတီတုံး၊ ငရုတ်ဆုံ၊ ယောက်မ၊ အိုးခွက်ပန်းကန်၊ သွားကြားထိုးတံခွက်၊ ရေနွေးကရားနှင့် ရေနွေးခွက်စသည်တို့ကို ဈေးကွက်အတွင်း ပိုမိုရောင်းချနေရပြီး ဧည့်ခန်းအလှဆင်ပစ္စည်းများဖြစ်သော ဆွမ်းအုပ်၊ ဆင်ရုပ်၊ မြင်းရုပ် စသည့်ပန်းပုရုပ်များကိုလည်း မှာယူကြကြောင်း သိရသည်။

အဆိုပါ သမဝါယမကုန်ထုတ်အသင်းများမှထုတ်လုပ်ရောင်းချသော မြန်မာ့ရိုးရာလက်မှုပညာသစ်အချောထည်ပစ္စည်းအမျိုးအစားပေါင်း ၇၀ ကျော်ရှိပြီး ထိုပစ္စည်းများကို မန္တလေးမြို့ပေါ်နှင့် ရပ်ကွက်၊ကျေးရွာများရှိ ကုန်ထုတ်သမဝါယမအသင်းများထံ တိုက်ရိုက်ဆက်သွယ်မှာယူနိုင်သကဲ့သို့ မန္တလေးမြို့ မဟာမုနိရုပ်ရှင်တော်မြတ်ကြီး အရှေ့ဘက်မုခ်အနီးရှိ ရတနာဘူတပြခန်း ၌လည်း စိတ်ကြိုက် လေ့လာဝယ်ယူနိုင်ကြောင်း သိရသည်။

Source : https://www.myawady.net.mm/

## မုံရွာမြို့နယ်အတွင်းမှ တောင်သူများကို သွင်းအားစုနှင့်လယ်ယာသုံးစက်မောင်းဆီများ သက်သာသောနှုန်းဖြင့်ရောင်းချပေး



မုံရွာမြို့နယ်အတွင်းရှိ ကျေးရွာ ၁၇ ရွာမှ ဒေသခံတောင်သူများကို သွင်းအားစုနှင့် လယ်ယာသုံးစက် မောင်းဆီများကို သက်သာသော ဈေးနှုန်းဖြင့် ရောင်းချပေးခဲ့ကြောင်းသိရသည်။

ဇန်နဝါရီလ ၂၂ ရက်၊ နံနက်ပိုင်းက မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာနရုံးရှိ မြတ်ဇေယျာခန်းမတွင် သက်သာသော ဈေးနှုန်းဖြင့် ရောင်းချပေးခဲ့ခြင်းဖြစ်သည်။

"စစ်ကိုင်းတိုင်းဒေသကြီးအနေနဲ့ ကူညီပံ့ပိုးပေးမှုတွေနဲ့အတူ စိုက်ပျိုးရေးပညာရှင်တွေရဲ့ စိုက်ပျိုးနည်းပညာတွေ ဖြန့်ဝေပေးမှုတွေကို တောင်သူလယ်သမားတွေအနေဖြင့် ကြိုးစားအားထုတ်လိုက်နာဆောင်ရွက်ကြမယ်ဆိုရင် စိုက်ပျိုးသီးနှံအထွက်တိုးပြီး

တောင်သူတွေ ဝင်ငွေတိုးပွားလို့ ခနအင်အားဖြိုးကြွယ်ဝကာ လယ်ယာစိုက်ပျိုးရေးကဏ္ဍတိုးတက်လာပြီး နိုင်ငံ့စီးပွားမြင့်မားလာမှာ ကေန်မလွဲပါ”ဟု စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ်ကပြောသည်။

မုံရွာမြို့နယ်အတွင်းရှိ ကျေးရွာ ၁၇ ရွာမှ ဒေသခံတောင်သူ ၃၅၀ ဦးအတွက် ကျေးရွာကိုယ်စားလှယ်များထံ သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးခဲ့သည့် သွင်းအားစုဓာတ်မြေဩဇာ ၃၅၀ အိတ်နှင့် လယ်ယာသုံးစက်မောင်းဆီ ဂါလန် ၁၀၅၀ တို့အား စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ်ဦးမြတ်ကျော်နှင့် တာဝန်ရှိသူများက ပေးအပ်ခဲ့ကြကြောင်း သိရသည်။

**Source :** https://www.popularmyanmar.com/

## မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်၌ ပဲစောင်းလျားသီးနှံ စိုက်ပျိုးခြင်းဖြင့် အကျိုးအမြတ်ရ




မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်၌လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများကို လုပ်ကိုင်ကြပြီး သီးနှံမျိုးစုံစိုက်ပျိုးလျက်ရှိရာ စားဖိုဆောင်သီးနှံတစ်မျိုးဖြစ်သည့် ပဲစောင်းလျားသီးနှံကို စီးပွားဖြစ်စိုက်ပျိုးလာကြပြီး အောက်တိုဘာလတွင်စိုက်ပျိုး၍ ဒီဇင်ဘာလတွင်အသီးများ စတင်ခူးဆွတ်ရောင်းချရကြောင်း၊ထိုင်ဝမ်မျိုးများကို မြေအောက်ရေတင်စနစ် ဖြင့်ရေသွင်းစိုက်ပျိုးကြကြောင်း၊ မျိုး၊ သွင်းအားစုနှင့် အလုပ်သမားခ အပါအဝင် တစ်ကေလျှင် စုစုပေါင်းငွေကျပ် ၁၀ သိန်းခန့်ကုန်ကျကြောင်း၊ မြေအမျိုးအစား၊ သီးနှံအောင်မြင်ဖြစ်ထွန်းမှုနှင့် သွင်းအားစုသုံးစွဲမှုအပေါ်မူတည်၍ အထွက်နှုန်းများကွားခြားမှုရှိကြောင်း၊ ဈေးကွက်အနေဖြင့် ဆိပ်ဖြူမြို့နှင့်ချောက်မြို့တို့ရှိကုန်စိမ်းပွဲရုံများသို့ တင်ပို့ရောင်းချကြောင်း၊ ယခုနှစ်တွင်ပဲစောင်းလျားသီးနှံများအထွက်နှုန်းကောင်းမွန်ပြီးဈေးကောင်းရရှိသောကြောင့် အကျိုးအမြတ်များစွာရရှိကြောင်း သိရသည်။

**Source: မြန်မာ့အလင်းသတင်းစာ**

TIR

## ၂၀၂၄ ခုနှစ်တွင် ရုရှားနိုင်ငံမှတရုတ်နိုင်ငံသို့ သဘာဝဓာတ်ငွေ့ရည်တင်ပို့မှု ၃ ဒသမ ၃ ရာခိုင်နှုန်းမြင့်တက်



၂၀၂၄ ခုနှစ်တွင် ရုရှားနိုင်ငံမှတရုတ်နိုင်ငံသို့ သဘာဝဓာတ်ငွေ့ရည်တင်ပို့မှုသည် ၂၀၂၃ ခုနှစ်နှင့်နှိုင်းယှဉ်ပါက ၃ ဒသမ ၃ ရာခိုင်နှုန်း မြင့်တက်လာခဲ့ကြောင်း တရုတ်အထွေထွေအကောက်ခွန်စီမံခန့်ခွဲရေးအဖွဲ့၏ ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

လက်ရှိတွင် ရုရှားနိုင်ငံသည် တရုတ်နိုင်ငံသို့ သဘာဝဓာတ်ငွေ့ရည်တင်ပို့နေသည့်နိုင်ငံများအနက် တတိယနေရာတွင် ရပ်တည်နေခဲ့ပြီး ရေနံစိမ်းတင်ပို့မှုတွင်ထိပ်တန်းနိုင်ငံဖြစ်လာခဲ့ကြောင်းတရုတ်အထွေထွေအကောက်ခွန်စီမံခန့်ခွဲရေးအဖွဲ့က ထုတ်ပြန်ထားသည်။

တရုတ်နိုင်ငံသည် ၂၀၂၄ ခုနှစ် ပထမ ၁၀ လအတွင်းမှာပင် ရုရှားနိုင်ငံမှ ရေနံစိမ်းတစ်ရက်လျှင် စည်ပေါင်း ၂ ဒသမ ၁၇ သန်းတင်ပို့ခဲ့ရာ ယင်းပမာဏသည် ပြီးခဲ့သည့်နှစ်ကပမာဏနှင့်နှိုင်းယှဉ်ပါက ၂ ဒသမ ၂ ရာခိုင်နှုန်း မြင့်တက်လာသည်။

ရုရှားနှင့်တရုတ်နိုင်ငံတို့သည် စွမ်းအင်တင်သွင်းမှုကို ဆိုက်ဘေးရီးယားပိုက်လိုင်းမှတစ်ဆင့် တိုးမြှင့်လုပ်ဆောင်လျက်ရှိသည့်အပြင် မွန်ဂိုလီးယားမှတစ်ဆင့်တင်ပို့နိုင်ရန် စီစဉ်လျက်ရှိကြောင်း ရုရှားအစိုးရက အစောပိုင်းတွင်ထုတ်ပြန်ထားသည်။

လာမည့် ၂၀၃၀ ပြည့်နှစ်ခန့်တွင် ရုရှားနိုင်ငံမှ တရုတ်သို့တင်ပို့သည့် သဘာဝဓာတ်ငွေ့ပမာဏကို တစ်နှစ်လျှင် ၈၅ ဘီလီယံကုဗမီတာအထိ တိုးမြှင့်ရန်စီစဉ်ထားသည်။

တရုတ်နိုင်ငံသို့ သဘာဝဓာတ်ငွေ့တင်ပို့ရာတွင် ပိုက်လိုင်းများမှသော်လည်းကောင်း၊ လောင်စာဆီတင် သင်္ဘောများဖြင့်သော်လည်းကောင်း လုပ်ဆောင်ရန်စီစဉ်လျက်ရှိသည်။

တရုတ်နိုင်ငံသည် လက်ရှိတွင် ရုရှားနိုင်ငံမှ သဘာဝဓာတ်ငွေ့အများစုကို ဆိုက်ဘေးရီးယားပိုက်လိုင်းမှတစ်ဆင့်တင်သွင်းလျက်ရှိပြီး ၂၀၂၅ ခုနှစ်တွင် နိုင်ငံအတွင်းသို့ သဘာဝဓာတ်ငွေ့တင်သွင်းနိုင်မှုပမာဏကို တိုးမြှင့်ရန်ကြိုးပမ်းလျက်ရှိသည်။

**Source :** https://www.myawady.net.mm/

## ဖေဖော်ဝါရီလ ၁ ရက်မှစ၍ ကနေဒါ၊ မက္ကဆီကိုနှင့် တရုတ်သွင်းကုန်များအပေါ် အကောက်ခွန်ကောက်ခံမည်ဟု သမ္မတဒေါ်နယ်ထရမ့်က ပြောကြား

အမေရိကန်သမ္မတဒေါ်နယ်ထရမ့်က ကနေဒါ၊ မက္ကဆီကိုနှင့်တရုတ်သွင်းကုန်များအပေါ် ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်မှစ၍ အကောက်ခွန်ကောက်ခံသွားမည်ဟု ပြောကြားခဲ့ကြောင်း သိရသည်။

ကနေဒါနှင့် မက္ကဆီကိုနိုင်ငံတို့မှ ရွှေ့ပြောင်းနေထိုင်သူအများအပြားနှင့် Fentanyl မူးယစ်ဆေးအများအပြားဝင်ရောက်လျက်ရှိသဖြင့် ၁-၂-၂၀၂၅ ရက်မှစ၍ ကနေဒါနှင့်မက္ကဆီကိုနိုင်ငံတို့မှ သွင်းကုန်များအပေါ် အကောက်ခွန် ၂၅ ရာခိုင်နှုန်းကောက်ခံသွားမည်ဖြစ်ကြောင်း ၂၀-၁-၂၀၂၅ ရက် ကျမ်းသစ္စာကျိန်ဆိုပြီးနောက် ညနေပိုင်းတွင်လည်းကောင်း၊ တရုတ်နိုင်ငံက Fentanyl မူးယစ်ဆေးများကို ကနေဒါနှင့် မက္ကဆီကိုနိုင်ငံများသို့ ပို့ဆောင်လျက်ရှိသဖြင့် ၁-၂-၂၀၂၅ ရက်၌ပင် တရုတ်နိုင်ငံမှ သွင်းကုန်များကို အကောက်ခွန် ၁၀ ရာခိုင်နှုန်း ထပ်တိုးကောက်ခံသွားမည်ဟု ၂၁-၁-၂၀၂၅ ရက်တွင်လည်းကောင်း သမ္မတဒေါ်နယ်ထရမ့်က ပြောကြားခဲ့သည်။

ကနေဒါ၊ မက္ကဆီကိုနှင့် တရုတ်တို့သည် အမေရိကန်နိုင်ငံ၏ အကြီးဆုံးကုန်သွယ်ဘက်နိုင်ငံများဖြစ်ပြီး ယင်းသို့ သွင်းကုန်များအပေါ် အကောက်ခွန်တိုးမြှင့်ကောက်ခံပါက အဆိုပါနိုင်ငံများနှင့် အမေရိကန်နိုင်ငံ၏ သံတမန်ဆက်ဆံရေးကို ထိခိုက်စေနိုင်သကဲ့သို့ ကမ္ဘာ့ကုန်ထုတ်လုပ်မှု ထောက်ပံ့ရေးကွင်းဆက်ကိုပါ ကမောက်ကမဖြစ်စေနိုင်ပါသည်။

၂၀၂၃ ခုနှစ်တွင် အဆိုပါနိုင်ငံ ၃ နိုင်ငံသည် အမေရိကန်နိုင်ငံမှ ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၁ ထရီလီယံကျော်ကိုဝယ်ယူခဲ့ကြပြီး အမေရိကန်နိုင်ငံသို့ သွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၁ ဒသမ ၅ ထရီလီယံကျော် ရောင်းချခဲ့ကြပါသည်။

ကနေဒါနှင့်မက္ကဆီကိုအစိုးရများအနေဖြင့် သွင်းကုန်ခွန်များကိုရှောင်ရှားနိုင်ရန်၎င်းနိုင်ငံများမှ အမေရိကန်နယ်စပ်ကိုဖြတ်ကျော်ဝင်ရောက်လျက်ရှိသည့် ရွှေ့ပြောင်းနေထိုင်သူများနှင့် မူးယစ်ဆေးဝါးများကို ရပ်တန့်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိပုဂ္ဂိုလ်က တရုတ်နိုင်ငံအနေဖြင့် နိုင်ငံ၏အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး ကုန်သွယ်ရေးစစ်ပွဲနှင့်သွင်းကုန်ခွန်သတ်မှတ်ကောက်ခံပါက နှစ်ဦးနှစ်ဖက်အကျိုးမရှိနိုင်ဟု တုံ့ပြန်ပြောကြားခဲ့သည်။

**Source : စီးပွားရေးသံမှူး၊ ဝါရှင်တန်ဒီစီ။**

https://myantrade.gov.mm/

## ၂၀၂၄ ခုနှစ်တွင် စင်ကာပူသို့ ဗီယက်နမ်၏ ဆန်တင်ပို့မှု မြင့်တက်




၂၀၂၄ ခုနှစ်တွင် ဗီယက်နမ်၏ စင်ကာပူသို့ ဆန်တင်ပို့မှုမှာ သိသာစွာ စံချိန်တင်မြင့်တက်ခဲ့ပြီး တတိယအကြီးမားဆုံးတင်ပို့သူအဖြစ် ရပ်တည် နိုင်ခဲ့ကြောင်း စင်ကာပူနိုင်ငံရှိဗီယက်နမ် ကုန်သွယ်ရေးရုံး၏ အဆိုအရ သိရသည်။

ဗီယက်နမ်သည် ၂၀၂၄ ခုနှစ်တွင် စင်ကာပူဒေါ်လာ ၁၂၈ ဒသမ ၉ သန်း တန်ဖိုးရှိသော ဆန်များကိုစင်ကာပူသို့တင်ပို့ခဲ့ပြီး ဈေးကွက်ဝေစု၏ ၂၈ ဒသမ ၂၅ ရာခိုင်နှုန်း ရှိကာ ၂၀၂၃ ခုနှစ်နှင့်နှိုင်းယှဉ်ပါက ၂၈ ဒသမ ၄၅ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း သိရသည်။

ထိပ်ဆုံးတွင် ရပ်တည်နေသည့်နှစ်နိုင်ငံမှာ စင်ကာပူဒေါ်လာ ၁၄၈ ဒသမ ၁၉ သန်း တန်ဖိုးတင်ပို့ခဲ့သည့် အိန္ဒိယနိုင်ငံနှင့် စင်ကာပူဒေါ်လာ ၁၃၇ ဒသမ ၇၅ သန်း တန်ဖိုးတင်ပို့ခဲ့သည့် ထိုင်းနိုင်ငံ တို့ဖြစ်ကြောင်း သိရသည်။

ငွေစာရင်းနှင့်ကော်ပိုရိတ်အာဏာပိုင်အဖွဲ့ထံမှ အချက်အလက်များအရ ၂၀၂၄ ခုနှစ် တွင် စင်ကာပူ၏ ဆန်တင်သွင်းမှုမှာ စင်ကာပူဒေါ်လာ ၄၅၆ ဒသမ၂ သန်းတန်ဖိုးရှိခဲ့ပြီး ၂၀၂၃ ခုနှစ်ကထက်၁၀ ဒသမ၇၃ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း သိရသည်။

ဗီယက်နမ်သည် ဆန်အမျိုးအစား ၃ ခု ဖြစ်သည့် ဆန်ဖြူ ၄၂ ဒသမ၂၃ ရာခိုင်နှုန်း၊ ပေါင်းဆန် ၆၅ ဒသမ ၇၃ ရာခိုင်နှုန်း နှင့် ဆန်စေး ၇၇ ဒသမ ၀၂ ရာခိုင်နှုန်း တို့တွင် ဈေးကွက်ဝေစုကို လွှမ်းမိုးထားကြောင်း သိရသည်။

ဗီယက်နမ်သည် ၂၀၂၄ ခုနှစ်၏ ပထမနှစ်ဝက်တွင် အားကောင်းသောစွမ်းဆောင်ရည်ကို ပြသခဲ့သော်လည်း အဓိကတင်ပို့သည့်ဆန်ဖြူ တင်ပို့မှုမှာကြီးထွားမှုအားနည်းသောကြောင့် နှစ်ကုန်သောအခါ စင်ကာပူဈေးကွက်တွင် ထိပ်ဆုံး၌ ဦးဆောင်နေသည့် ၎င်းတို့၏နေရာကို အိန္ဒိယနှင့်ထိုင်းတို့က ရယူသွားကြောင်း သိရသည်။

စင်ကာပူနိုင်ငံရှိ ဗီယက်နမ်ကုန်သွယ်ရေးရုံး၏ အကြီးအကဲနှင့် ကုန်သွယ်ရေးအတိုင်ပင်ခံပုဂ္ဂိုလ်ဖြစ်သူ Cao Xuan Thang က ဆန်ဖြူတင်ပို့မှုသင့်ရုံမျှသာရှိခြင်းသည် ဗီယက်နမ်စီးပွားရေးလုပ်ငန်းများနှင့် ဆန်အသင်းများမှ ကြေညာမြှင့်တင်ရန် အားထုတ်မှု မလုံလောက်သောကြောင့်ဖြစ်ကြောင်း ပြောကြားခဲ့သည်။


ထို့ပြင် ထိုင်း၊ အိန္ဒိယနှင့် ဂျပန် အစရှိသည့် ယှဉ်ပြိုင်ဖက်များသည် ၎င်းတို့အမှတ်တံဆိပ်များ ကြေညာမြှင့်တင်ရန် တင်သွင်းသူ များနှင့် မိတ်ဖွဲ့ခြင်း၊ ဈေးကွက်တင်ရောင်းချခြင်းတို့တွင် ကြီးမားစွာရင်းနှီးမြှုပ်နှံလျက် ရှိကြောင်း သိရသည်။

Thang က စင်ကာပူဈေးကွက်တွင်ဗီယက်နမ်၏ ယှဉ်ပြိုင်နိုင်စွမ်းအရှိန်မြှင့်တင်ရန်အတွက်ဈေးကွက်တင်ရောင်းချမှု မဟာဗျူဟာမြှင့်တင်ခြင်းနှင့် ရေရှည်စီမံချက် ချမှတ်ခြင်းတို့ လိုအပ်ကြောင်းပြောကြားခဲ့သည်။

**Source : DOCA ရန်ကုန်**

https://www.doca.gov.mm/

## ၂၀၂၅ ခုနှစ်တွင် ခရီးသွားကဏ္ဍမှတစ်ဆင့် ဘတ် ၃ ထရီလီယံရရှိရန် ထိုင်းခရီးသွားအာဏာပိုင်အဖွဲ့ ရည်မှန်း



အရှေ့တောင်အာရှ၊ အိန္ဒိယနှင့် ရုရှား အစရှိသည့် တိုးတက်လာသည့် ဈေးကွက်များကြောင့် ထိုင်းနိုင်ငံခရီးသွားအာဏာပိုင်အဖွဲ့ TAT သည် ယခုနှစ်တွင် ခရီးသွားကဏ္ဍမှတစ်ဆင့်ဝင်ငွေ ဘတ် ၃ ထရီလီယံ ရရှိရန်ခန့်မှန်းထားကြောင်း သိရသည်။

TAT ၏ အုပ်ချုပ်ရေးမှူး Thapanee Kiatphaibool က ဘတ် ၂ ထရီလီယံကို ပြည်ပခရီးသွား ၃၉ -၄၀ သန်းထံမှ ရရှိပြီး ဘတ် ၁ ထရီလီယံအား ပြည်တွင်းခရီးစဉ် ၂၀၀ -၂၂၀ သန်းထံမှ ရရှိရန် မျှော်လင့်ရကြောင်း ပြောကြားခဲ့သည်။

အေဂျင်စီသည် အဓိကဈေးကွက်များ၏ ကြီးထွားနှုန်းကို ၁၀ ရာခိုင်နှုန်း၌ ဆက်လက်ထိန်းသိမ်းထားရန် စီစဉ်ထားကြောင်း သိရပါသည်။

ထိုအလားအလာရှိသည့် ဈေးကွက်များတွင် စုစုပေါင်း လည်ပတ်မှု၏ ၃၀ ရာခိုင်နှုန်းရှိသည့် အရှေ့တောင်အာရှ အထူးသဖြင့် မလေးရှားနှင့် အင်ဒိုနီးရှား တို့ပါဝင်ကြောင်း သိရသည်။

၂၀၂၄ ခုနှစ်တွင် ထိုင်းနိုင်ငံသည် မလေးရှားခရီးသွားစံချိန်တင် ၄ ဒသမ ၉ သန်း ရရှိခဲ့ကြောင်း သိရသည်။

၂၀၂၅ ခုနှစ်တွင် TAT သည် မလေးရှားနှင့် ထိုင်းနိုင်ငံတို့အား လေယာဉ်နှင့် ကားလမ်းခရီးဖြင့် လာရောက်သည့် နည်းလမ်း အပြင် ရထားနှင့်သင်္ဘောတို့ဖြင့် ခရီးသွားလာမှုကို မြှင့်တင်ရန် စီစဉ်နေကြောင်း သိရသည်။

Bangkok Johor Bahru အစရှိသည့်တိုက်ရိုက်လေကြောင်းလိုင်းသစ်များသည် မလေးရှားဈေးကွက်အားပိုမိုအားကောင်း စေနိုင်ကြောင်း Ms Thapanee ကပြောကြားခဲ့သည်။

အင်ဒိုနီးရှားသည်လည်း ၎င်းတို့၏ များပြားသည့် လူဦးရေ သန်း ၂၇၀ ကြောင့် အလားအလာရှိသည့် အခြားဈေးကွက်တစ်ခု ဖြစ်ကြောင်း သိရသည်။

အခြားသိသာထင်ရှားသည့်ဈေးကွက်များတွင် ၂၀၂၄ ခုနှစ်က ပထမဆုံးအနေဖြင့် လာရောက်လည်ပတ်မှု ၁ သန်းကျော်ခဲ့ သည့် ထိုင်ဝမ်နှင့် ၂၀၂၄ ခုနှစ်က လည်ပတ်မှု ၁ ဒသမ၈ သန်း ကျော်ခဲ့ပြီး ယခုနှစ်တွင် ၂ သန်းကျော်လာရောက်လည်ပတ်နိုင် သည့် တောင်ကိုရီးယားနိုင်ငံတို့ ပါဝင်ကြောင်း သိရသည်။

အေဂျင်စီသည် နှစ်နိုင်ငံကြား လေကြောင်းလိုင်းများ များပြားလာမှုကြောင့် အိန္ဒိယနိုင်ငံထံမှ ခရီးသွား ၂ ဒသမ ၃ - ၂ ဒသမ ၅ သန်း လာရောက် လည်ပတ်ရန် ရည်မှန်းထားကြောင်းလည်း သိရသည်။

၂၀၂၄ ခုနှစ်က လည်ပတ်မှု ၁ ဒသမ၇ သန်း ရှိခဲ့သည့် ရုရှားမှာ ဥရောပမှ အဓိကထိပ်တန်း ဈေးကွက် တစ်ခုဖြစ်ပြီး ယခုနှစ် တွင် ၁၀ ရာခိုင်နှုန်း မြင့်တက်ရန် မျှော်လင့်ရကြောင်း သိရသည်။

၂၀ ရာခိုင်နှုန်းကျော်ထိ ကြီးထွားလာနိုင်သည့် အခြားဈေးကွက်များမှာ အရှေ့အလယ်ပိုင်းနှင့် ကာဇက်စတန်နိုင်ငံတို့ဖြစ် ကြောင်း သိရသည်။

သို့သော် သဘာဝဘေးအန္တရာယ်များနှင့် ပထဝီနိုင်ငံရေးကိစ္စရပ်များ ပါဝင်သည့် ထိန်းချုပ်၍ မရသည့်အကြောင်းအရာ များနှင့် စိန်ခေါ်မှုများရှိနေသေးကြောင်း သိရသည်။

TAT သည် မတ်လ တွင် ဥရောပ၏အကြီးဆုံးခရီးသွားပြပွဲများထဲမှ တစ်ခုဖြစ်သည့် ITB Berlin 2025 တွင် ပါဝင်ရန် စီစဉ် ထားကြောင်း သိရသည်။

ယခုနှစ်တွင် TAT သည် ဥရောပဈေးကွက်မထိုးဖောက်ဘူးသည့် ခရီးသွားလုပ်ငန်းရှင် ၂၀ ကို ဈေးကွက်မဟာဗျူဟာများ လေ့ကျင့်သင်ကြားပေးကာ ITB တွင် Booth ငှားခပေးစရာမလိုဘဲပထမဆုံးအနေနှင့်ပါဝင်ဆင်နွဲရန်ဖိတ်ခေါ်ရန် အလိုရှိကြောင်း သိရသည်။

**Source : DOCA (ရန်ကုန်)**

https://www.doca.gov.mm/

# STOCK EXCHANGE (24.1.2025)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 24th Jan. 2025

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 2,729 (Shares) | 10,067,350 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 7,900 | -100 | -1.25% | 7,900 | 8,000 | 7,900 | 615 | 4,862,500 | 33,109,694 | 261,567 |
| MTSH | 00002 | 3,100 | -50 | -1.59% | 3,100 | 3,100 | 3,100 | 242 | 750,200 | 38,929,150 | 120,680 |
| MCB | 00003 | 8,400 | +200 | +2.44% | 8,400 | 8,400 | 8,400 | 3 | 25,200 | 10,400,986 | 87,368 |
| FPB | 00004 | 1,850 | +0 | +0.00% | 1,850 | 1,850 | 1,850 | 500 | 925,000 | 29,664,613 | 54,880 |
| TMH | 00005 | 3,200 | +0 | +0.00% | 3,200 | 3,200 | 3,200 | 406 | 1,299,200 | 12,823,224 | 41,034 |
| EFR | 00006 | 1,650 | +0 | +0.00% | 1,650 | 1,650 | 1,650 | 630 | 1,039,500 | 19,977,223 | 32,962 |
| AMATA | 00007 | 4,100 | -100 | -2.38% | 4,000 | 4,100 | 4,000 | 110 | 441,000 | 10,497,598 | 43,040 |
| MAEX | 00008 | 3,250 | +0 | +0.00% | 3,250 | 3,250 | 3,250 | 223 | 724,750 | 23,804,946 | 77,366 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary

## Market summary

As of 24th Jan. 2025

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 381.14 | -2.24 | -0.58% | 380.51 | 382.89 | 380.51 | 2,729 | 10,067,350 | 8 | 718,897 |

**Index chart**




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 24th Jan. 2025

| Trading Volume | Trading Value |
|---|---|
| 2,729 (Shares) | 10,067,350 (MMK) |

## Main Board

As of 1:00 pm, 24th Jan. 2025

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 2,729 (Shares) | 10,067,350 (MMK) |

| MYANPIX | 381.14 ▼ 2.24 |
|---|---|
| Total Volume (shares) | 2,729 |
| Total Value (MMK) | 10 mil |
| Listed Company | 8 |
| Market Cap. (MMK) | 718,897 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 7,900 | ▼ 100 |
| MTSH | 00002 | 3,100 | ▼ 50 |
| MCB | 00003 | 8,400 | ▲ 200 |
| FPB | 00004 | 1,850 | ▲ 0 |
| TMH | 00005 | 3,200 | ▲ 0 |
| EFR | 00006 | 1,650 | ▲ 0 |
| AMATA | 00007 | 4,100 | ▼ 100 |
| MAEX | 00008 | 3,250 | ▲ 0 |